
# မေးလေ့ရှိသော မေးခွန်းများ

## မွေးကင်းစအရွယ် အကြားအာရုံစစ်ဆေးမှု နောက်ဆက်တွဲဆောင်ရွက်ချက်


ကလေးဘဝ အကြားအာရုံချို့တဲ့မှု စမ်းသပ်ရှာဖွေခြင်းနှင့် ကြားဖြတ်ဝန်ဆောင်မှု (EHDI)

www.hearing.in.gov (317) 232-0972


### ဆေးရုံက ကျွန်ုပ်၏ကလေးသည် မွေးကင်းစအရွယ် အကြားအာရုံစစ်ဆေးမှုအတွက် "လွှဲပြောင်းခံရသည်" ဟုပြောပါသည်။ "လွှဲပြောင်းခံရသည်" ဆိုတာ ဘာကိုဆိုလိုတာလဲ။



"လွှဲပြောင်းခံရသည်" ဆိုသည်မှာ သင့်ကလေးသည် မွေးကင်းစအရွယ် အကြားအာရုံစစ်ဆေးမှုကို မအောင်မြင်ကြောင်းကိုဆိုလိုသည်။ ဤသည်မှာ သင့်ကလေးတွင်အကြားအာရုံဆုံးရှုံးနေသည်ဟု အတည်မပြုနိုင်သော်လည်း သင့်ကလေး၏ အကြားအာရုံအခြေအနေကို ဆုံးဖြတ်ရန် နောက်ထပ်စစ်ဆေးမှုများပြုလုပ်ဖို့ အလွန်အရေးကြီးကြောင်းကိုပြသသည်။ **နောက်ဆက်တွဲအကြားအာရုံစစ်ဆေးမှုကို ကလေးအသက် 3 လမပြည့်မီ ပြီးစီးရမည် သို့မဟုတ် စစ်ဆေးမှုလုပ်ဆောင်နိုင်ရန် စိတ်ငြိမ်ဆေးပေးရနိုင်သည်။** ဆေးရုံသည် သင့်အား သင်နေထိုင်ရာဒေသရှိ ကလေးငယ်များ၏အကြားအာရုံစစ်ဆေးရန် ပစ္စည်းကိရိယာနှင့်အတွေ့အကြုံရှိသော နားအထူးကုဆရာဝန်ထံ တိုက်ရိုက်လွှဲပေးနိုင်ပါသည်။ ကလေးငယ်များအတွက် အကြားအာရုံစစ်ဆေးပေးနိုင်သော ပြည်နယ်အတွင်းရှိ နားအထူးကုဆရာဝန်များစာရင်းကို ကျွန်ုပ်တို့၏ဝက်ဘ်ဆိုက် **www.hearing.in.gov** တွင် ကြည့်ရှုနိုင်ပါသည်။ (စာရင်းကို "Comprehensive and Limited Audiology Provider Facilities" (နားနှင့်ပတ်သက်၍ ဘက်စုံစစ်ဆေးကုသပေးနိုင်သည့်ဆေးရုံများနှင့် အခြေခံစစ်ဆေးကုသပေးနိုင်သည့်ဆေးရုံများ) ဟုခေါင်းစဉ်တပ်ထားသည်)

### နားအထူးကုဆရာဝန်ဆိုတာဘာလဲ။

နားအထူးကုဆရာဝန်ဆိုသည်မှာ (ပါရဂူဘွဲ့ သို့မဟုတ် မဟာဘွဲ့ရထားသော) လိုင်စင်ရ ကျန်းမာရေးစောင့်ရှောက်မှုပေးသူဖြစ်ပြီး အကြားအာရုံဆုံးရှုံးမှုကိုစစ်ဆေးရန်၊ ရောဂါရှာဖွေရန်နှင့် လိုအပ်သောနောက်ဆက်တွဲပြသမှုအတွက် အကြံပြုချက်များပေးရန် ပညာစွမ်းရည်၊ လေ့ကျင့်မှုနှင့် အထူးပြုပစ္စည်းကိရိယာများ ရှိသူဖြစ်သည်။ နားအထူးကုဆရာဝန်တိုင်းတွင် မွေးကင်းစကလေးငယ်များအား အကြားအာရုံစစ်ဆေးပေးရန် ပစ္စည်းကိရိယာနှင့်အတွေ့အကြုံမရှိပါ။

ကလေးငယ်များနှင့် ကလေးများအတွက် အကြားအာရုံစစ်ဆေးပေးနိုင်သော Indiana ပြည်နယ်အတွင်းရှိ နားအထူးကုဆရာဝန်များစာရင်းကို ကျွန်ုပ်တို့၏ဝက်ဘ်ဆိုက် www.hearing.in.gov ကြည့်ရှုနိုင်ပါသည်။ နားအထူးကုဆရာဝန်များစာရင်းကို "FAMILY RESOURCES" (မိသားစုရင်းမြစ်များ) အောက်တွင် ကြည့်ရှုနိုင်ပြီး "Comprehensive and Limited Audiology Provider Facilities" (နားနှင့်ပတ်သက်၍ ဘက်စုံစစ်ဆေးကုသပေးနိုင်သည့်ဆေးရုံများနှင့် အခြေခံစစ်ဆေးကုသပေးနိုင်သည့်ဆေးရုံများ) ဟုခေါင်းစဉ်တပ်ထားသည်။

### ကျွန်ုပ်ကလေးသည် အသံကျယ်ကျယ်များကို တုံ့ပြန်ပါသည်။ ကလေးကို စစ်ဆေးရန် လိုသေးပါသလား။

အကြားအာရုံဆိုသည်မှာ "ကြားရခြင်း သို့မဟုတ် လုံးဝမကြားရခြင်း" ဟူ၍ နှစ်မျိုးတည်းမဟုတ်ပါ။ အကြားအာရုံဆုံးရှုံးမှု အဆင့်အမျိုးမျိုးရှိပါသည်။ သင့်ကလေးသည် အသံကျယ်ကျယ်များကိုဖြစ်စေ၊ သင်နီးကပ်စွာစကားပြောသည့်အသံကိုဖြစ်စေ ကြားနိုင်သော်လည်း ကလေးသည် အသံတိုးတိုး သို့မဟုတ် တော်ရုံအသံ သို့မဟုတ် စကားသံများကို မကြားနိုင်ခြင်းဖြစ်နိုင်သည်။ ကျွန်ုပ်တို့၏စကားပြောသံတွင် အသံအကျယ် အဆင့်အမျိုးမျိုးရှိပါသည်။ အကြားအာရုံဆုံးရှုံးလျက်ရှိသော ကလေးသည် စကားလုံးများ၏ တစ်စိတ်တစ်ပိုင်းကိုသာ ကြားရခြင်း ဖြစ်နိုင်ပါသည် (ဆိုလိုသည်မှာ "sat" ကဲ့သို့သောစကားလုံးတွင် "a" ကိုသာကြားရခြင်း ဖြစ်နိုင်ပါသည်)။ သင့်ကလေးအသက် သုံးလမပြည့်မီ အသံကြားမှုဆိုင်ရာစစ်ဆေးမှု (အကြားအာရုံစမ်းသပ်မှု) ကို ဆောင်ရွက်ပြီးစီးသင့်ပါသည်။



### အကြားအာရုံဆုံးရှုံးမှုနှင့် နားမကြားခြင်းသည် အဖြစ်များပါသလား။

အကြားအာရုံဆုံးရှုံးမှုသည် မွေးပြီးပြီးချင်းအချိန်တွင် ဖော်ထုတ်သိရှိနိုင်သော အဖြစ်အများဆုံးအခြေအနေများထဲမှတစ်ခုဖြစ်ပြီး ကလေးအယောက်တစ်ထောင်တွင် 1 ဦးမှ 3 ဦးတွင် တွေ့ရလေ့ရှိသည်။ နောက်ပိုင်း ကလေးအသက် ကြီးလာချိန်တွင်လည်း အကြားအာရုံဆုံးရှုံးမှုဖြစ်နိုင်ခြေကိုမြင့်မားစေသော အချက်များလည်းရှိပါသည်။ မွေးရာပါ နားမကြားသော သို့မဟုတ် အကြားအာရုံ အားနည်းသောကလေး 90% သည် မိသားစုတွင် နားမကြားသူမရှိသော သို့မဟုတ် အကြားအာရုံအားနည်းသူမရှိသော မိသားစုများမှ ဖြစ်ကြသောကြောင့် မိသားစုရာဇဝင်တွင် ထိုဖြစ်စဉ်မျိုးမရှိလျှင်ပင် သင့်ကလေးကို စစ်ဆေးရန်အရေးကြီးပါသည်။

ကလေးဘဝ အကြားအာရုံချို့တဲ့မှု စမ်းသပ်ရှာဖွေခြင်းနှင့် ကြားဖြတ်ဝန်ဆောင်မှု

## ကျွန်ုပ်ကလေးသည် စကားမပြောတတ်သေးသဖြင့် သူ့တွင် အကြားအာရုံဆုံးရှုံးမှုရှိမရှိ စစ်ဆေးရန် အလျင်မလိုပါ။ တစ်ခုခုသတိထားမိသည့်အချိန်ကျမှ ပြန်စစ်ဆေး၍ ရပါသလား။



ကလေးများသည် 12 လဝန်းကျင်မရောက်မချင်း ပထမဆုံးစကားကို မပြောတတ်သေးသော်လည်း ၎င်းတို့ မွေးဖွားသည့်အချိန်မှစ၍ နားထောင်နေပါသည်။ ဤသို့ နားထောင်နေသည့် အစောပိုင်းလများသည် ဦးနှောက်လုပ်ငန်းဆောင်တာ ဖွံ့ဖြိုးမှု၊ စကားပြောဆိုမှုနှင့် ဘာသာစကားစွမ်းရည်များဖွံ့ဖြိုးမှုအတွက် အလွန်အရေးကြီးပါသည်။ ဥပမာ၊ ကလေးများသည် "မေမေ"၊ "ဖေဖေ" သို့မဟုတ် "တာ့တာ" ဟု သင်ပြောသည်ကို ရာနှင့်ချီ၍ကြားပြီးမှ ၎င်းစကားလုံးများကို ပြောတတ်လာပါသည်။ စကားလုံးများကို အကြိမ်ကြိမ်ကြားခြင်းသည် စကားပြောတတ်စေရန် ကလေးများသင်ယူသည့် နည်းလမ်းဖြစ်ပါသည်။ မွေးကင်းစကလေးငယ်တွင် အကြားအာရုံဆုံးရှုံးမှုကို စောစောတွေ့ရှိလေ၊ စကားပြောဆိုမှု၊ ဘာသာစကားနှင့် သင်ယူမှုတိုးတက်စေရန် ဝန်ဆောင်မှုများ စောစောစတင်နိုင်လေဖြစ်သည်။

## ကျွန်ုပ်တွင် အာမခံမရှိပါ။ အကြားအာရုံစစ်ဆေးမှုအတွက် ဘယ်လို ငွေပေးချေရမလဲ။ ကုန်ကျစရိတ် ဘယ်လောက်ရှိပါသလဲ။

Medicaid နှင့် ပုဂ္ဂလိကကျန်းမာရေးအာမခံအစီအစဉ် အများစုသည် ကလေးအသက် 24 လအထိ အကြားအာရုံစစ်ဆေးမှုနှင့် နောက်ဆက်တွဲ စစ်ဆေးမှုများအတွက် ကုန်ကျစရိတ်များကို ကျခံပေးပါသည်။ သင်ချိန်းဆိုသည့်အခါ စစ်ဆေးရန်ကုန်ကျစရိတ်ကို ဝန်ဆောင်မှုပေးသူနှင့် အတည်ပြုသင့်ပါသည်။ Indiana တွင် အခမဲ့ သို့မဟုတ် ဝင်ငွေအလိုက် စမ်းသပ်ခလျှော့ပေးသော နေရာများလည်း ရှိပါသည်။ မွေးကင်းစကလေးအကြားအာရုံစစ်ဆေးမှု ခံယူပြီးသော ကလေးငယ်များကို စစ်ဆေးပေးနိုင်သည့် Indiana ရှိ နားအထူးကုဆရာဝန်များစာရင်းကို ကျွန်ုပ်တို့၏ဝက်ဘ်ဆိုက် www.hearing.in.gov တွင် ကြည့်ရှုနိုင်ပါသည်။

## ကျွန်ုပ်ကလေး၏နားထဲတွင် အရည်ရှိပါကလည်း စစ်ဆေးမှုသည် တိကျမှုရှိမှာလား။

စစ်ဆေးမှုကို ဆက်လုပ်နိုင်ပါသည်။ အကြားအာရုံဆုံးရှုံးမှုသည် အရည်ကြောင့်လား သို့မဟုတ် အမြဲတမ်း အကြားအာရုံဆုံးရှုံးမှုလားဆိုသည်ကို အထူးစစ်ဆေးမှုဖြင့် ဆုံးဖြတ်နိုင်ပါသည်။ ကလေး၏နားထဲမှ အရည်များပျောက်သွားပြီးနောက် ကြားနိုင်စွမ်းကိုဆုံးဖြတ်ရန်နှင့် အရည်မရှိတော့ကြောင်းသေချာစေရန် ထပ်မံစစ်ဆေးမှုများလိုအပ်နိုင်ပါသည်။

## ကျွန်ုပ်၏ကလေးသည် စမ်းသပ်မှုကို နားတစ်ဖက်အတွက် အောင်မြင်ပါကလည်း နောက်တစ်ဖက်ကို ထပ်မံစစ်ဆေးရန်လိုအပ်ပါသေးသလား။

လုံးဝလိုအပ်ပါသည်။ နားတစ်ဖက်တွင်အကြားအာရုံဆုံးရှုံးမှုသည် စကားပြောဆိုမှု၊ ဘာသာစကားနှင့် သင်ယူမှုကိုထိခိုက်စေပါသည်။ ဤအချက်သည် လူစုလူဝေးဖြင့်ရှိချိန် သို့မဟုတ် အသံဆူညံသောအခြေအနေများတွင် ပို၍ထင်ရှားလာပါသည်။ ၎င်းသည် အသံလာရာဘက်ကို ကလေး၏သိနိုင်စွမ်းအား ထိခိုက်စေသောကြောင့် ကလေး၏ နားတစ်ဖက်တွင် အကြားအာရုံဆုံးရှုံးမှုရှိမရှိသိရန်သည် ဘေးကင်းရေးကိစ္စတစ်ခုလည်း ဖြစ်ပါသည်။ ထို့အပြင် နားတစ်ဖက်တွင် အကြားအာရုံဆုံးရှုံးမှုရှိသောကလေးသည် အခြားနားတစ်ဖက်တွင်လည်း အကြားအာရုံဆုံးရှုံးနိုင်ခြေရှိသောကြောင့် နားနှစ်ဖက်စလုံး၏ ကြားနိုင်စွမ်းအဆင့်များကိုစောင့်ကြည့်ရန် အရေးကြီးပါသည်။



Indiana ပြည်နယ် ကျန်းမာရေးဌာန၏ ကလေးဘဝ အကြားအာရုံချို့တဲ့မှု စမ်းသပ်ရှာဖွေခြင်းနှင့် ကြားဖြတ်ဝန်ဆောင်မှု ပရိုဂရမ် (EHDI) သည် "1-3-6" ဟူသော ပြည်နယ်နှင့် အမျိုးသားရည်မှန်းချက်များ ရရှိရန် ကတိပြုဆောင်ရွက်နေပါသည်။ EHDI ၏တာဝန်မှာ Indiana တွင်မွေးဖွားသော ကလေးတိုင်း အသက် 1 လမပြည့်မီ အကြားအာရုံစစ်ဆေးမှုခံယူရန်၊ မွေးကင်းစအရွယ်အကြားအာရုံစစ်ဆေးမှုမအောင်မြင်ပါက အသက် 3 လမပြည့်မီ ရောဂါရှာဖွေမှုဆိုင်ရာ အကြားအာရုံစစ်ဆေးမှုခံယူရန်နှင့် နားမကြားသူ သို့မဟုတ် အကြားအာရုံအားနည်းသူအဖြစ် ဖော်ထုတ်တွေ့ရှိရပါက အသက် 6 လမပြည့်မီ ကလေးဘဝ ကြားဖြတ်ဝန်ဆောင်မှုများတွင် စာရင်းသွင်းနိုင်စေရေး ဆောင်ရွက်ရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ဝန်ထမ်းများသည် မွေးကင်းစအရွယ်အကြားအာရုံစစ်ဆေးမှုနှင့် နောက်ဆက်တွဲဝန်ဆောင်မှုများ လုပ်ငန်းစဉ်တစ်လျှောက် မိဘများနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများကို ကူညီပံ့ပိုးနိုင်ပါသည်။ မွေးကင်းစအရွယ်အကြားအာရုံစစ်ဆေးမှု သို့မဟုတ် နောက်ဆက်တွဲ ဝန်ဆောင်မှုများဆိုင်ရာ မေးမြန်းလိုသည်များရှိပါက ကျွန်ုပ်တို့၏ မိဘအကြံပေးများကိုဆက်သွယ်ပါ။


**EHDI မိဘအကြံပေးများ-**

Lisa Wolfe | lwolfe@health.in.gov | 317-232-0886

Julie Swaim | jswaim@health.in.gov | 317-232-0888


ကလေးဘဝ အကြားအာရုံချို့တဲ့မှု စမ်းသပ်ရှာဖွေခြင်းနှင့် ကြားဖြတ်ဝန်ဆောင်မှု